# မြန်မာ- ဆိုင်ကလုန်း မိုခါ

## အခြေအနေတင်ပြချက်အစီရင်ခံစာ အမှတ်စဉ် (၂)

*၂၀၂၃ ခုနှစ်၊ မေလ (၂၉) ရက် မွန်းလွဲ ၂ နာရီအထိ အခြေအနေ*

မိုခါမုန်တိုင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ OCHA အဖွဲ့က ထုတ်ဝေခဲ့သည့် နေ့စဉ်အရေးပေါ်သတင်းအချက်အလက်များ (Flash Updates) ကို ပိုမိုပြည့်စုံသော ဤအစီရင်ခံစာဖြင့် အစားထိုးထုတ်ပြန်သွားမည်ဖြစ်သည်။ ဤ Sit Rep အစီရင်ခံစာကို မြန်မာနိုင်ငံတွင် လူသားချင်းစာနာမှု လုပ်ငန်းဆောင်ရွက်နေသော ကဏ္ဍစု(၇) စုနှင့် ယင်းတို့၏ လုပ်ငန်းအဖွဲ့ခွဲများနှင့် ပူးပေါင်း၍ OCHA အဖွဲ့က ထုတ်ဝေပါသည်။ ဤအစီရင်ခံစာပါ လူသားချင်းစာနာမှုလုပ်ငန်းအပိုင်းသည် မြေပြင်တွင် ဆောင်ရွက်နေသော လူသားချင်းစာနာမှုတုံ့ပြန်လုပ်ငန်းအားလုံးကို ထင်ဟပ်ဖော်ပြနိုင်ခြင်း မရှိဘဲ၊ မိတ်ဖက်အဖွဲ့များက မိမိတို့ဆန္ဒအလျောက် အစီရင်ခံထားသည့်လုပ်ငန်းများသာဖြစ်ကြောင်း ဖော်ပြလိုပါသည်။ နောက်တကြိမ် Sit Rep အစီရင်ခံစာကို ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂)ရက်နေ့တွင် ထုတ်ပြန်ပါမည်။

## အဓိကအချက်အလက်များ


*ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့တွင် မိုခါမုန်တိုင်းကြောင့် လုံးဝပျက်စီးသွားခဲ့သည့် မိမိ၏ နေအိမ်ရှေ့တွင် မတ်တပ်ရပ်နေသည့် အမျိုးသမီးတစ်ဦး။ ဓါတ်ပုံ - OCHA*

- မြန်မာနိုင်ငံအနောက်ပိုင်းသို့ မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် နှစ်ပတ်ကြာပြီလာသည့် ယခုအချိန်တွင် မုတ်သုံရာသီနီးကပ်လာချိန်၌ ခိုလှုံစရာမရှိတော့သည့်အခြေအနေသို့ ရောက်ခဲ့ရသည့် မုန်တိုင်းဒဏ်ခံပြည်သူများအတွက် ဘေးကင်းသော ခိုလှုံရာများရရှိရေးသည် အဓိကဦးစားပေးတစ်ခုအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ မိုခါမုန်တိုင်းသည် မုန်တိုင်းဒဏ်ခံ ပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးအတွက် ကြီးမားသော စိန်ခေါ်မှုများကို ဖြစ်စေခဲ့သည်။
- ယခုအချိန်အထိ ခိုလှုံရာအတွက်ပစ္စည်းများနှင့် အခြား ကယ်ဆယ်ရေးပစ္စည်းများကို လူဦးရေ ၆၃၀၀၀ ကျော်သို့ ဖြန့်ဝေပေးပြီးဖြစ်သည်။
- လူဦးရေ ၂၃၀၀၀၀ ကျော်သည် စားနပ်ရိက္ခာအကူအညီများကို ရရှိခဲ့ပြီးဖြစ်သော်လည်း၊ မိသားစုတွင်း အရန်ထားရှိသည့် စားနပ်ရိက္ခာပမာဏများမှာ လျော့နည်းလာနေသည်။ ဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် သီးနှံပျက်စီးမှုများကြောင့် ရပ်ရွာပြည်သူများသည် စားနပ်ရိက္ခာ ဝယ်ယူရေးအတွက် အခက်အခဲတွေ့နေကြသည်။ စိုက်ပျိုးရေးသွင်းအားစုများနှင့် တိရစ္ဆာန်များကို ဆုံးရှုံးခဲ့ရခြင်းကလည်း ကြီးမားလာသော ပြဿနာတစ်ရပ်ဖြစ်နေသည်။
- မိုခါမုန်တိုင်းသည် ကျောင်းစာသင်နှစ်အသစ် စတင်တော့မည့်အချိန်တွင် ကျောင်းများအပါအဝင် ပညာရေးအခြေခံအဆောက်အဦများ၏ ၈၀% ခန့်ကို ထိခိုက်ပျက်စီးမှု ဖြစ်စေခဲ့ပြီး ပညာသင်ကြားရေးအတွက် အရေးပေါ်အခြေအနေတစ်ရပ်ကို ဖန်တီးခဲ့သည်။ ယာယီသင်ကြားရေးနေရာများ (TLSs) ကို မူလအတိုင်းဖြစ်စေရန်၊ ကလေးငယ်များသို့ သင်ကြားရေးပစ္စည်းများ ဖြန့်ဝေပေးရန်နှင့် ကျောင်းနှင့်သင်ကြားရေးဌာနများအား ပြန်လည်ပတ်နိုင်ရန်အတွက် လုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်သည်။
- လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများက ဝင်ရောက်ကူညီခွင့်နှင့် ထောက်ပံ့ရေးပစ္စည်းများ ရှိသည့် နေရာများတွင် အကူအညီများကို ဆက်လက်တိုးမြှင့်ပေးအပ်နေသော်လည်း၊ လွန်ခဲ့သော တစ်ပတ်က ထုတ်ပြန်ခဲ့သည့် အမေရိကန်ဒေါ်လာ ၃၃၃ သန်း လိုအပ်သော အရေးပေါ်ရန်ပုံငွေအဆိုပြုလွှာအရ အကူအညီပေးရန် သတ်မှတ်ထားသည့် လူဦးရေ ၁.၆ သန်း၏ အပိုင်းအစလေးတစ်ခုအထိသာ ဖြန့်ကြက်ရောက်ရှိပါသေးသည်။
- မြန်မာနိုင်ငံတွင်းရှိ လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့် အခြားနိုင်ငံများမှ တင်သွင်းလာသည့် ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ရေးအတွက် ခွင့်ပြုချက်များနှင့် ပစ္စည်းများအား ဖြန့်ဝေပေးရေးအတွက် ပိုမိုကျယ်ပြန့်သော ဝင်ရောက်ကူညီခွင့်များရရှိရန် အလျင်အမြန်လိုအပ်နေပါသည်။ ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဝေရေးအတွက် အသေးစိတ်အစီအစဉ်များကို မျှဝေထားပြီး၊ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to Coordinate the global emergency response to save lives and protect people in humanitarian crises. We advocate for effective and principled humanitarian action by all, for all.
**www.unocha.org**

- ရက်ရောသော အလှူရှင်များထံမှ ထပ်တိုးရန်ပုံငွေထောက်ပံ့ရန် ကတိကဝတ်ပြုလာကြသော်လည်း၊ ထိခိုက်လွယ်ပြည်သူများအား လုံလောက်စွာ ကူညီပေးရန်နှင့် အရေးကြီးသော ထောက်ပံ့ပစ္စည်းများကို လျင်မြန်စွာ ဖြန့်ဝေပေးနိုင်ရန်အတွက် ရန်ပုံငွေများ ထပ်မံလိုအပ်နေဆဲဖြစ်သည်။

## အခြေအနေသုံးသပ်ချက်

မြန်မာနိုင်ငံသို့ မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည်မှာ နှစ်ပတ်ကြာမြင့်ခဲ့ပြီဖြစ်သည့် ယခုအချိန်တွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများ ပိုမိုအရှိန်ရလာပြီဖြစ်သည်၊ သို့သော် အကူအညီပေးရေးအဖွဲ့အစည်းများသည် အကူအညီများကို လိုအပ်သလောက် ဖြန့်ဝေပေးနိုင်ရေးအတွက် ပိုမိုများပြားသောထောက်ပံ့ရေးပစ္စည်းများ၊ ပိုမိုကျယ်ပြန့်သော ဝင်ရောက်ကူညီခွင့်များနှင့် ထပ်တိုးရန်ပုံငွေများကို လိုအပ်နေဆဲဖြစ်သည်။ ရပ်ရွာလူထုအားလုံးတွင် လိုအပ်ချက်များမှာ အလွန်ကြီးမားလှပါသည်။ မုန်တိုင်း၏ အကျိုးဆက်သည် လူနေအိမ်များနှင့် အများပြည်သူပိုင် အခြေခံအဆောက်အဦများကို ရပ်ပိုင်းဆိုင်ရာ ဖျက်ဆီးခြင်းထက် များစွာကျော်လွန်နေပြီး၊ ယခုအခါတွင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေအမျိုးမျိုးက ဘေးဒဏ်ခံပြည်သူများ၏ ကျန်းမာပျော်ရွှင်ရေးကိုလည်း ခြိမ်းခြောက်နေပြီဖြစ်သည်။ ဤအန္တရာယ်ဖြစ်နိုင်ခြေများတွင် ရေကြီးရေလျှံဒေသများ၌ မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (UXOs) ၏ ရွေ့လျားမှု၊ လိင်ပိုင်းဆိုင်ရာနှင့်  ကျားမအခြေပြု အကြမ်းဖက်မှုများ ဖြစ်ပွားနိုင်မှု၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ ဆုံးရှုံးမှု၊ လုယက်ခြင်း၊ ခါးပြတိုက်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်းစသည်တို့ ပါဝင်ကြသည်။ ဤအချက်များက ဘေးဒဏ်ခံပြည်သူများကို တိုက်ရိုက်ခြိမ်းခြောက်နေပြီး၊ အတိုးနှုန်းကြီးစွာဖြင့် ငွေချေးရခြင်း၊ မိဘများတွင် အလုပ်အကိုင်အခွင့်အလမ်းမရှိသောကြောင့် ကလေးသူငယ်များအား တောင်းရမ်းခိုင်းခြင်းကဲ့သို့သော မကောင်းသည့် ရင်ဆိုင်ရေးနည်းလမ်းများ ကျင့်သုံးမှုကို ပိုဆိုးစေနိုင်သည်။ ဤအခြေအနေကြောင့်  ကလေး လုပ်သား၊ ခေါင်းပုံဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများ ဖြစ်လာနိုင်ချေ ပိုများလာနိုင်သည်။

မုန်တိုင်း၏ သက်ရောက်မှုကြောင့် ဘေးဒဏ်ခံပြည်သူများအကြားတွင် ရပ်ရွာလူထုအချင်းချင်း အကူအညီပေးရေးစနစ်များကိုလည်း ယိုယွင်းစေခဲ့သည်။ မြေပြင်ရှိ မိတ်ဖက်အဖွဲ့များထံမှ အစီရင်ခံစာများအရ မိဘများသည် မိမိတို့၏ ပျက်စီးသွားသော နေအိမ်များကို ပြန်လည်တည်ဆောက်နေစဉ် သို့မဟုတ် မိသားစုရပ်တည်နိုင်ရန် အလုပ်အကိုင်ရှာဖွေနေစဉ်အတွင်း မိမိတို့၏ ကလေးများအား အပြည့်အဝစောင့်ရှောက်နိုင်ရန် ရုန်းကန်နေကြရသည်။ အထူးစိုးရိမ်ရသည့်အချက်မှာ နေရပ်စွန့်ခွာရသူများက ရင်ဆိုင်နေရသည့် အခြေအနေပင်ဖြစ်ပြီး၊ လက်ရှိတွင် နေရာများစွာတို့၌ ပုဂ္ဂိုလ်ရေးလွတ်လပ်မှု၊ လုံလောက်သော မိလ္လာသန့်ရှင်းရေးနှင့် သင့်တော်သော မီးအလင်းရောင်မရှိသည့် အခြေအနေများတွင် ထူထပ် ကြပ်တည်းစွာ နေထိုင်နေကြရသည်။ ဤအခြေအနေများက အထူးသဖြင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများကို ပစ်မှတ်ထားသည့် လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် ထိပါးနှောင့်ယှက်မှုအန္တရာယ်များကို ဖြစ်စေသည်။ ဘေးဒဏ်သင့်ဒေသများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အကျိုးပြုဌာနအများစုသည် မုန်တိုင်းကြောင့်လုံးဝပျက်စီးခြင်း သို့မဟုတ် ထိခိုက်နေခြင်းကလည်း ဤအခြေအနေကို ပိုဆိုးစေသည်။

လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များသည် ဝင်ရောက်ကူညီခွင့် ရရှိရန် အခက်အခဲများ ဆက်လက်ရှိနေဆဲဖြစ်သော်လည်း၊ အထူးသဖြင့် ထိခိုက်လွယ်အုပ်စုများအပေါ် သက်ရောက်မှုများအပါအဝင် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို အပြည့်အဝနားလည်စေရန်အတွက် ကွင်းဆင်းလေ့လာမှုများကို ဆက်လက်ဆောင်ရွက်နေကြသည်။ တချိန်တည်းတွင် ဝင်ရောက်ကူညီခွင့် ရရှိထားသူများကလည်း ရခိုင်၊ ချင်း၊ မကွေး၊ စစ်ကိုင်းနှင့် ကချင်တို့တွင် ဘေးဒဏ်သင့်ပြည်သူများသို့ အရေးကြီးသော အသက်ကယ်အကူအညီများကို ပေးအပ်ခြင်းအားဖြင့် မိမိတို့၏ တုံ့ပြန်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်။

## ရန်ပုံငွေ

Financial Tracking System (FTS) ၏ အချက်အလက်များအရ  ရခိုင်၊ ချင်း၊ စစ်ကိုင်း၊ မကွေးနှင့် ကချင်ဒေသများရှိ မိုခါမုန်တိုင်းဒဏ်ခံပြည်သူ ၁.၆ သန်းအား အကူအညီပေးရန် တောင်းခံထားသော အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၃၃ သန်းအနက် မေလ ၃၀ ရက်နေ့အထိ ၁.၉ သန်းကို လက်ခံရရှိပြီးဖြစ်သည်။ မုန်တိုင်သက်ရောက်ဇုန်အတွင်းရှိ ထိခိုက်လွယ်ပြည်သူတစ်ဦးချင်းကို ထောက်ပံ့နိုင်ရန်အတွက်  ရန်ပုံငွေအမြန်ဆုံး ရရှိရေးသည် အရေးကြီးပါသည်။ အကူအညီပေးရန် ရည်မှန်းထားသည့် လူဦးရေအနက် တစ်သန်းကျော်မှာ အပြင်းထန်ဆုံး ထိခိုက်ခံရသည့်

ရခိုင်ပြည်နယ်တွင်ဖြစ်သည်။ မှတ်သုံရာသီစတင်ဝင်ရောက်နေပြီဖြစ်သည့်အတွက် ရန်ပုံငွေများအား ရက်ရောစွာဖြင့် အလျင်အမြန် ထောက်ပံ့ပေးရန် အလှူရှင်များအား တိုက်တွန်းပါသည်။ အလားတူအရေးကြီးသည်မှာ ကြိုတင်မှန်းဆနိုင်ပြီး၊ အတားအဆီးကင်းသော ဝင်ရောက်ကူညီခွင့်ရရှိရေးဖြစ်ပြီး၊ သို့မှသာ ထိခိုက်ခံရသော လူမှုအသိုင်းအဝိုင်းများသို့ အရေးကြီး အသက်ကယ်ပစ္စည်းများကို လျင်မြန်စွာ ပေးပို့နိုင်မည်ဖြစ်သည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ သိုလှောင်ရုံများတွင် လက်ဝယ်ရှိထားသည့် ထောက်ပံ့ရေးပစ္စည်းများကို အသုံးပြုနေပြီး၊ ထိုပစ္စည်းများကို ပြန်လည်ဖြည့်တင်းနိုင်ရန် နိုင်ငံပြင်ပမှ ထပ်မံတင်သွင်းလာမည့် လူသားချင်းစာနာရေး အကူအညီပစ္စည်းများအတွက် ခွင့်ပြုချက် ရရှိရန် စောင့်ဆိုင်းနေဆဲဖြစ်သည်။

## လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းများ

### အရေးပေါ်အခြေအနေတွင် ပညာသင်ကြားရေး

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် ကနဦးကွင်းဆင်းလေ့လာမှုများအရ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူနှင့် ရသေ့တောင်မြို့နယ်များတွင် စာသင်ကျောင်းများနှင့် အများပြည်သူစာကြည့်တိုက်များကဲ့သို့သော ပညာရေးဆိုင်ရာ အခြားအခြေခံအဆောက်အဦများအနက် ၈၀% ခန့် ပျက်စီးခဲ့ကြောင်း ဖော်ပြနေသည်။
- အနောက်မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင် ချင်းပြည်နယ်ရှိ ဟားခါး၊ မတူပီနှင့် ထန်တလန်မြို့နယ်များ၌လည်းကောင်း၊ ကချင်ပြည်နယ်ရှိ ဝိုင်းမော်မြို့နယ်တွင်လည်းကောင်း အလားတူ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း အစီရင်ခံထားသည်။ ထိုဒေသများရှိ IDP စခန်းများ၏ အခြေအနေမှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

**တုံ့ပြန်လုပ်ငန်းများ**

- ပညာရေးကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များသည် မုန်တိုင်းဒဏ်ခံရသည့် ဒေသများတွင် ထိခိုက်ပျက်စီးမှုများကို အကဲဖြတ်နိုင်ရန်အတွက် ကွင်းဆင်းလေ့လာရေးခရီးစဉ်များကို ဆက်လက်ဆောင်ရွက်နေကြသည်။
- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့် ရရှိထားသည့် မိတ်ဖက်အဖွဲ့များက အောက်ပါလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည် -
    - ယာယီသင်ကြားရေးနေရာများ(TLSs) ကို ပြန်လည်တည်ထောင်ခြင်း
    - ပွင့်လင်းလွတ်လပ်သော ပညာရေး (Open Learning) အကြောင်း ရှင်းပြသည့် ဆွေးနွေးပွဲများပြုလုပ်ရန် စီမံချက်ရေးဆွဲခြင်းနှင့် ရင်းမြစ်များ ရှာဖွေစုစည်းခြင်း
    - ပွင့်လင်းလွတ်လပ်သော ပညာရေးအတွက် သင်ကြားရေးပစ္စည်း ၄၀၀၀ စုံကို ကလေးများထံ ဖြန့်ဝေရန် စီမံချက်ရေးဆွဲ ခြင်း
- ကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များသည် ကျောင်းစာသင်နှစ် မစတင်မီတွင် ပညာရေးအခြေခံအဆောက်အဦများကို အချိန်မီ မူလအတိုင်းဖြစ်စေရေးအတွက် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ ရှအစ်ယန်နှင့် မဂါးယန် IDP စခန်းများတွင် စာသင်ကျောင်းများနှင့် သင်ကြားရေးဌာနများကို ပြန်လည်ပြုပြင်ရန် ပူးပေါင်းဆောင်ရွက်နေကြသည်။ ဤနေရာများတွင် ပွင့်လင်းလွတ်လပ်သောပညာရေးအတွက် သင်ကြားရေးပစ္စည်းများကို ဖြန့်ဝေပေးရန်လည်း စီစဉ်နေကြသည်။
- ကချင်ပြည်နယ်တွင် ပညာရေးကဏ္ဍစုနှင့် ဒေသခံမိတ်ဖက်အဖွဲ့များပူးပေါင်းလျက် ပညာရေးအခြေခံအဆောက်အဦများကို ပြန်လည်ပြုပြင်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်သည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- မုန်တိုင်းကြောင့် ထိခိုက်ခံရသည့်ဒေသများတွင် များပြားလှသော အပျက်အစီးပုံများက ကြီးမားသော ပြဿနာတစ်ရပ်အဖြစ် ဆက်လက်ရှိနေပြီး၊ စာသင်ကျောင်းများအား ပြန်လည်ပြင်ဆင်ခြင်းနှင့် ကျောင်းပြန်ဖွင့်ခြင်းတို့ကို နှောင့်နှေးကြန့်ကြာစေသည်။ အချို့ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်နေခြင်းနှင့် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (EO) ကဲ့သို့သော ထပ်တိုးအန္တရာယ်များကြောင့် ဤပြဿနာကို ပိုဆိုးစေပါသည်။

- ရခိုင်ပြည်နယ်တွင် ခရီးသွားလာခွင့်များနှင့် အာဏာပိုင်များထံမှ လိုအပ်သောခွင့်ပြုချက်များ မရှိခြင်းကြောင့် ပညာရေးမိတ်ဖက်အဖွဲ့များအနေဖြင့် ဇွန်လတွင် စတင်မည့် စာသင်နှစ်မတိုင်မီ လိုအပ်ချက်များကို စောလျင်စွာ ထောက်ပံ့ပေးရန် ကြိုးစားရာတွင် ကန့်သတ်ချက်များရှိနေသည်။

## စားနပ်ရိက္ခာဖူလုံရေး

### လိုအပ်ချက်များ

- ရခိုင်၊ ချင်း၊ မကွေးနှင့် စစ်ကိုင်းတို့ရှိ မြို့နယ် ၁၈ မြို့နယ်တွင် ကွင်းဆင်းလေ့လာမှုများအရ -
  - အိမ်ထောင်စုများလက်ဝယ်တွင် ရှိနေသော စားနပ်ရိက္ခာများ လျော့နည်းလာနေသည်။ ရခိုင်ပြည်နယ်တွင် စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများအနက် ၈၀ % က ၎င်းတို့၏ ရပ်ရွာအသိုင်းအဝိုင်းနှင့် အိမ်နီးချင်းများသည် စားနပ်ရိက္ခာရရှိရေးအတွက် ရုန်းကန်နေကြရကြောင်း မိတ်ဖက်အဖွဲ့တစ်ဖွဲ့က အစီရင်ခံထားသည်။ IDP စခန်းများတွင် စားနပ်ရိက္ခာသည် ထိပ်တန်းဦးစားပေးလိုအပ်ချက်များအနက် တစ်ခု အပါအဝင်ဖြစ်သည်။
  - ဈေးများ မလည်ပတ်သေးကြောင်းနှင့် ဈေးနှုန်းများမှာလည်း အလွန်အမင်း ကြီးမြင့်နေကြောင်းကို ဤဒေသများရှိ အထိခိုက်ခံရဆုံးလူများက အစီရင်ခံခဲ့ကြသည်။ ရလဒ်အဖြစ်၊ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်ရှိ ဘေးဒဏ်သင့်ပြည်သူများစွာတို့က (ငွေကြေးမဟုတ်သော) ပစ္စည်းအကူအညီပေးခြင်းကို ပိုမို လိုလားလျက်ရှိသည်။

### တုံ့ပြန်လုပ်ငန်းများ

- မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်း၏ ပထမနှစ်ပတ်ကာလတွင် WFP အဖွဲ့သည် ရခိုင်ပြည်နယ်တစ်ဝန်းလုံးမှ အကူအညီလိုအပ်နေသူ ၂၃၀၄၀၀ ဦးကို ကူညီနိုင်ခဲ့သည်။ ဤလူများအနက် ၇၆၄၀၀ ဦးမှာ ယခုမုန်တိုင်းကြောင့် ထိခိုက်ခံရသူများဖြစ်ကြသည်။ ၁၅၄၀၀၀ ဦးမှာ WFP အဖွဲ့၏ ပုံမှန်ကယ်ဆယ်ရေးအကူအညီရရှိသူများဖြစ်ကြပြီး ၎င်းတို့သည်လည်း မုန်တိုင်း၏ သက်ရောက်မှုမှ မလွတ်ကင်းခဲ့ပါ။ ဤရက်သတ္တပတ်အတွင်းတွင် ထပ်တိုးကူညီမှုများကို တိုးချဲ့ပေးအပ်ရန် စီစဉ်နေဆဲဖြစ်သည်။
- ရခိုင်ပြည်နယ်တွင်၊ ဝင်ရောက်ကူညီခွင့်ရှိထားသည့် မိတ်ဖက်အဖွဲ့တစ်ဖွဲ့က IDPs ၆၀၀၀ ဦးသို့ စားနပ်ရိက္ခာများ ဖြန့်ဝေပေးပြီးဖြစ်သည်။ နောက်ထပ် IDPs ၁၅၂၀၀၀ ဦးသို့လည်း ဆက်လက်ဖြန့်ဝေပေးနေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် ရခိုင်ပြည်နယ်နှင့်နိုင်းယှဉ်ပါက ဈေးများကို ပိုမိုလည်ပတ်ဖွင့်လှစ်နေသည့်အတွက် မိတ်ဖက်အဖွဲ့များက စားနပ်ရိက္ခာအတွက် ငွေကြေးပေးခြင်း (cash for food) အကူအညီကို ဆက်လက်ထောက်ပံ့ပေးနေသည်။

### ကွာဟချက်များနှင့် အကန့်အသတ်များ

- ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်၊ ခရီးသွားခွင့်ပြုမိန့်များ မရှိခြင်းကြောင့် စားနပ်ရိက္ခာအကူအညီလိုအပ်နေသည့် လူဦးရေ ၈၀၀၀ ဦးထံသို့ အကူအညီရောက်ရှိရန် ခက်ခဲနေဆဲဖြစ်သည်။ ၎င်းတို့သည် ဧပြီလတွင် နှစ်လစာရိက္ခာခွဲတမ်းရရှိထားပြီးဖြစ်သော်လည်း၊ ဖြစ်နိုင်သမျှ အမြန်ဆုံးသွားရောက်ကူညီရန် အရေးကြီးပါသည်။
- မုန်တိုင်းကြောင့် သိုလှောင်ရုံများစွာလည်း ထိခိုက်ပျက်စီးခဲ့ရသည်။ ယင်းသိုလှောင်ရုံများအား ပြင်ဆင်ရန် ပစ္စည်းများကို ဒေသတွင်း တွင် မရရှိနိုင်သည့်အတွက် အကူအညီပေးမည့်ပစ္စည်းများအား သင့်တော်စွာ စုစည်းသိုလှောင်ထားရန် ခက်ခဲနေသည်။
- မုန်တိုင်းဒဏ်အခံရဆုံးဒေသများတွင် ကုန်ပစ္စည်းများနှင့် အခြားဝန်ဆောင်မှုများ၏ ဈေးနှုန်းများသည် နှစ်ဆ သို့မဟုတ် သုံးဆအထိ ဖြစ်လာသည်။ မုန်တိုင်းမဝင်ရောက်မီက ချုပ်ဆိုထားသည့် သယ်ယူပို့ဆောင်ရေးကန်ထရိုက်စာချုပ်များကို ပြန်လည် ညှိနှိုင်းရန် လိုအပ်နေပါသည်။
- ဒေသခံ CSOs အဖွဲ့များသည် စစ်ဆေးရေးဂိတ်များတွင် စိစစ်မှုများစွာ ကြုံတွေ့နေရသဖြင့် အကူအညီဖြန့်ဝေပေးနိုင်စွမ်းကို အကန့်အသတ် ဖြစ်စေသည်။

- အနောက်မြောက်ပိုင်းဒေသတွင်၊ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ပြန်လည်ပြင်ဆင်နေသော်လည်း၊ ယခုအချိန်အထိ မကောင်းမွန်သေးသဖြင့် လိုအပ်ချက်များနှင့် တုံ့ပြန်လုပ်ငန်းများအကြောင်း သိရှိနိုင်ရန် ဒေသခံမိတ်ဖက်အဖွဲ့များသို့ ဆက်သွယ်ရာတွင် ခက်ခဲနေပါသည်။

## ကျန်းမာရေး

- လက်ရှိအခြေအနေအပြည့်အစုံကို နောက်လာမည့် အစီရင်ခံစာ အမှတ်စဉ် (၃) တွင် ဖော်ပြသွားပါမည်။

## အာဟာရ

**လိုအပ်ချက်များ**

- ရခိုင်ပြည်နယ်တွင် -
  - ဇွန်လ ပထမပတ်အတွင်းတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် (PLW) စုစုပေါင်း ၂၂၀၀ ဦးသို့ ဖြန့်ဝေရမည့် အနည်းလိုအာဟာရဓါတ် အားဖြည့်ဆေး ၃၉၆ သေတ္တာကို အရေးတကြီးလိုအပ်နေပါသည်။ လက်ဝယ်တွင် ရှိသည့် ဆေးများမှာ ၂၀၂၃ ခုနှစ် မေလကုန်ခန့်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။
  - စောစီးစွာ လွှဲပြောင်းပေးခြင်းနှင့် ကုသမှုပေးခြင်းအတွက် စဉ်ဆက်မပြတ်စောင့်ကြည့်နိုင်ရန် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ မိတ်ဖက်အဖွဲ့များက အသုံးပြုမည့် အရပ်အမြင့်တိုင်းကိရိယာ ၁၀ စုံနှင့် Seca ပေါင်ချိန်စက် ၁၀ ခု အပါအဝင် ခန္ဓာကိုယ်တိုင်းတာရေးကိရိယာများ လိုအပ်နေပါသည်။
  - စိတ်ဒဏ်ရာကုသရေးနှင့် ဖြည့်စွက်စာကျွေးခြင်းအတွက် ပုံသေပြင်ပလူနာကြည့်ဌာန ၁၄ ခုအနက် ၄ ခုမှာ မုန်တိုင်းကြောင့် လုံးဝပျက်စီးခဲ့ရသဖြင့် ပြန်လည်တည်ဆောက်ရန် လိုအပ်နေပါသည်။ ကျန်ဌာန ၁၀ ခုမှာ အသေးစားပြင်ဆင်မှုများ ပြုလုပ်ရန် လိုအပ်ပါသည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ သတ်မှတ်ဖော်ထုတ်ထားသော လိုအပ်ချက်များအားဆန်းစစ် သုံးသပ်လျက်ရှိပြီး၊ နောက်လာမည့် အစီရင်ခံစာတွင် ဖော်ပြသွားပါမည်။

**တုံ့ပြန်လုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် -
  - စစ်တွေ၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် ရသေ့တောင်မြို့နယ်တို့ရှိ နေရပ်စွန့်ခွာနေရာများမှ အသက် ၆ လမှ ၅၉ လ အကြားရှိ ကလေးသူငယ် ၄၁၀၀ ဦးသို့ အသင့်သုံးဖြည့်စွက်အစားအစာ (RUSF) အား တစ်ကြိမ်တည်းဖြင့် နေရာအားလုံးခြုံငုံရောက်ရှိစေမည့်နည်းဖြင့် ဖြန့်ဝေရန် စီစဉ်နေသည်။ ကလေးငယ်တစ်ဦးလျှင် တစ်လအတွက် ၁၅ ထုပ်နှုန်းဖြင့် ထောက်ပံ့ပေးမည်ဖြစ်သည်။
  - ကုသရေးဌာန ၇ ခုအနက် ၃ ခုတွင် (သက်ကျေပြင်၊ဒါးပိုင်နှင့် ဆေးသမားကြီး) ယာယီနေရာများ၌ ကုသမှုများကို ပြန်လည်စတင်နေပြီဖြစ်သည်။
  - နောက်ထပ် ကုသရေးဌာန ၂ ခု (အုန်းတောကြီးနှင့် မဲဇလီကုန်း) သည်လည်း လာမည့်ရက်အနည်းငယ်အတွင်း လုပ်ငန်းများကို ပြန်လည်ပတ်နိုင်တော့မည်ဖြစ်သည်။
  - ဘောဒူဖရိုဟင်ဂျာစခန်းနှင့် လှမချေရွာတို့ရှိ အာဟာရစင်တာများမှာ အပြင်းထန်ဆုံး တိုက်ခတ်ခံခဲ့ရပြီး အသစ်ပြန်လည် တည်ဆောက်ရန် လိုအပ်သည်။ အကူအညီပေးရန် အခြေခံအဆောက်အဦများမရှိခြင်းကြောင့် ဘောဒူဖရိုဟင်ဂျာစခန်းနှင့် လှမချေရွာတို့မှ ၅ နှစ်အောက် ကလေးငယ် ၁၂၁ ဦးနှင့် အုပ်ထိန်းစောင့်ရှောက်သူ ၃၂ ဦးတို့ ပါဝင်သည့် အာဟာရချို့တဲ့လူနာ

၁၅၃ ဦးကို ပုံမှန်စောင့်ကြည့်၍ ကုသမှုပေးရန်အတွက် အနီးဆုံးတွင် တည်ရှိသည့် အုန်းတောကြီးနှင့် သက်ကျေပြင်ရွာတို့ရှိ စုပေါင်းအာဟာရစင်တာများသို့ လွှဲပြောင်းပေးခဲ့သည်။

  - အသက် ၅ နှစ်အောက်ကလေးသူငယ် ၉၃၄ ဦးနှင့် အုပ်ထိန်းစောင့်ရှောက်သူ ၆၅၉ ဦးတို့ပါဝင်သည့် လူဦးရေစုစုပေါင်း ၁၅၉၃ ဦးသည် ဝန်ထမ်းများနှင့် မိတ်ဖက်များမှတဆင့် ကုသရေး၊ ကြိုတင်ကာကွယ်ရေးနှင့် နောက်ဆက်တွဲဝန်ဆောင်မှုများ အပါအဝင် အာဟာရဆိုင်ရာအကူအညီများကို လက်ခံရရှိခဲ့သည်။

- အနောက်မြောက်ပိုင်းဒေသတွင်၊ အာဟာရကဏ္ဍစု၏ မိတ်ဖက်အဖွဲ့အားလုံးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ရှိ မိမိတို့၏ ဦးတည်ရေိယာများ၌ မွေးကင်းစကလေးနှင့် ကလေးငယ်များအား ဖြည့်စွက်စာတိုက်ကျွေးခြင်း၊ ရပ်ရွာလူထုအား အသိအမြင်ဖွင့်ပေးခြင်း၊ ရပ်ရွာလူထုအတွင်း ရင်းမြစ်များစုရုံးပြင်ဆင်ခြင်း၊ ပြင်ပလူနာကုသရေးအစီအစဉ်များ၊ အထူးဖြည့်စွက်စာတိုက်ကျွေးခြင်းအစီအစဉ် (STFP) နှင့် ဖြည့်စွက်စာထုပ် တိုက်ကျွေးခြင်းအစီအစဉ် (BSFP)တို့ပါဝင်သည့် ပုံမှန်လုပ်ငန်းများကို အကောင်အထည်ဖော်နေကြသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ကြိုးနီစနစ်ကြောင့် နှောင့်နှေးမှုများနှင့် ဝင်ရောက်ကူညီရန် ခွင့်ပြုချက် မရှိခြင်းတို့ကြောင့် အာဟာရကဏ္ဍစုသည် မွေးကင်းစကလေးနှင့် ကလေးငယ်များအား အာဟာရတိုက်ကျွေးခြင်း (IYCF) အတွက် လိုအပ်ချက်များကို အပြည့်အဝတွက်ချက်သတ်မှတ်နိုင်စွမ်းမရှိခဲ့ပါ။
- မိခင်နို့အစားထိုးတိုက်ကျွေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များအား ပြန်လည်သုံးသပ်၍ ဖြန့်ဝေနိုင်ရန် ဝင်ရောက်ကူညီရေး ခွင့်ပြုချက်အတွက် အားကောင်းသော တိုက်တွန်းလှုံ့ဆော်မှုကို စဉ်ဆက်မပြတ်ပြုလုပ်နေရန် လိုအပ်ပါသည်။
- အာဟာရကဏ္ဍစုသည် အထူးသဖြင့် အတွေ့အကြုံရှိသည့် ဝန်ထမ်းများအား ဆုံးရှုံးမှုများပြားခဲ့သည့် အရှေ့တောင်ပိုင်းဒေသနှင့် အရှေ့မြောက်ပိုင်းဒေသတို့တွင် ပြည်နယ်/ဒေသကြီးအဆင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများအား ခိုင်မာအားကောင်းစေရန် လုပ်ဆောင်ရာ၌ စိန်ခေါ်မှုများကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

## ကာကွယ်စောင့်ရှောက်မှုပေးရေး

**လိုအပ်ချက်များ**

ယေဘုယျကာကွယ်စောင့်ရှောက်ရေး

- ရခိုင်ပြည်နယ်တွင် -
  - ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုများ၊ မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (UXOs)၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများ၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ ဆုံးရှုံးခြင်း၊ လုယက်ခြင်း၊ ဓါးပြတိုက်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်းတို့အပါအဝင် များပြားလာသော ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို ချက်ချင်းအာရုံစိုက်တုံ့ပြန်ရန် လိုအပ်ပါသည်။ အတိုးနှုန်းမြင့်မားစွာဖြင့် ငွေချေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်း မရှိသောကြောင့် ကလေးငယ်များအား အစားအစာတောင်းရမ်းခိုင်းခြင်းတို့ ပါဝင်သည့် မကောင်းသော ရင်ဆိုင်ရေးနည်းလမ်းသစ်များကို တွေ့ရှိရပြီး၊ ယင်းနည်းလမ်းများကြောင့် ကလေးလုပ်သား၊ ခေါင်းပုံဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းများသို့ ဦးတည်သွားနိုင်ဖွယ်ရှိသည်။
  - မြောက်ဦးနှင့် ကျောက်တော်မြို့နယ်များရှိ ရခိုင်နှင့်မြန်မာ့တပ်မတော်နေရာများမှ IDPs များက မိမိတို့၏ မူလကျေးရွာများတွင် မုန်တိုင်းကြောင့် နေအိမ်များပျက်စီးခဲ့ရကြောင်းနှင့် ယင်းနေအိမ်များကို ပြန်လည်ပြုပြင်ရန် အကူအညီလိုအပ်ကြောင်း အစီရင်ခံခဲ့သည်။
  - IDP စခန်းများနှင့် နေရပ်စွန့်ခွာနေရာများတွင် ရင်းမြစ်များနှင့် ခိုလှုံစရာနေရာများ အကန့်အသတ်ဖြင့်သာရှိနေသောကြောင့် ပိုင်ဆိုင်မှုအပေါ် အငြင်းပွားမှုများနှင့် တင်းမာမှုများကို တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် စားနပ်ရိက္ခာနှင့် ကျန်းမာရေး ဝန်ဆောင်မှု

    များအပြင်၊ ခိုလှုံစရာ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ရေနှင့် မိလ္လာ/သန့်ရှင်းရေးအဆောက်အဦ/ပစ္စည်းများကို အရေးတကြီး လိုအပ်နေပါသည်။
    - မြောက်ဦးနှင့် ကျောက်တော်မြို့နယ်တို့တွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများနှင့် သက်ကြီးရွယ်အိုများသည် ဝန်ဆောင်မှုများအား ရယူရာတွင် အခက်အခဲပိုမိုကြုံတွေ့ရကြောင်း အစီရင်ခံမှုများ ရှိနေပါသည်။ ထောက်ပံ့ရေးပစ္စည်းများနှင့် လုပ်ငန်းဆောင်ရွက်နိုင်စွမ်း မရှိသဖြင့် ရပ်ရွာလူထုအခြေခံသည့် အကူအညီပေးနိုင်စွမ်းမှာ လျော့နည်းနေသည့်အတွက် အဆိုပါအုပ်စုများ၏ ထိခိုက်လွယ်မှုကို ပိုဆိုးစေနိုင်ပါသည်။

- အနောက်မြောက်ပိုင်းဒေသတွင် -
    - WASH အဆောက်အဦ/ပစ္စည်းများ မလုံလောက်ခြင်းက အခက်အခဲများကို ဖြစ်စေပြီး၊ အထူးသဖြင့် ရေချိုးခန်းနှင့် အိမ်သာတို့ကို အကန့်အသတ်ဖြင့်သာ အသုံးပြုရသည့် မိန်းကလေးများနှင့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့ကို ထိခိုက်အားနည်းစေသည်။ ညအချိန်တွင် လျှပ်စစ်မီးမကြာခဏပြတ်ခြင်းနှင့် မီးအလင်းရောင် မလုံလောက်ခြင်းတို့ကလည်း ဤဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို ပိုမိုဆိုးရွားစေပါသည်။
    - အမျိုးသမီးများနှင့် မိန်းကလေးများသည် အမျိုးသမီးလစဉ်သုံးပစ္စည်းများ ရှားပါးခြင်းကြောင့် တစ်ခါသုံး ကလေးအညစ်အကြေးခံ (Diapers) များကို လျှော်ဖွတ်၍ နေရောင်ရချိန်တွင် လှန်းပြီး ထပ်ဖန်တလဲလဲ ပြန်လည်အသုံးပြုနေကြရသည်။ ဘေးဒဏ်သင့်ဒေသများတွင် မိန်းကလေးများနှင့်အမျိုးသမီးများအတွက် တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ မလုံလောက်မှုအား ဖြေရှင်းပေးရန် အရေးတကြီးလိုအပ်နေကြောင်းကို ဤအခြေအနေက အလေးအနက်ဖော်ပြနေပါသည်။
    - ခရစ်ယာန်ဘုရားကျောင်းများတွင် အခန်းတစ်ခန်းလျှင် အိမ်ထောင်စု ၄ စုအထိ နေရာပေးထားရပြီး၊ IDPs များသည် လူထူထပ်ကြပ်တည်းသော အခန်းများတွင် မျှဝေနေထိုင်ရန် မဖြစ်မနေရွေးချယ်ရသည်။ ဤအခြေအနေသည် မိန်းကလေးများနှင့် အမျိုးသမီးများအတွက် အဝတ်အစားလဲလှယ်ရန် နေရာရှာရာတွင် အခက်အခဲဖြစ်စေပြီး၊ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို ကြီးမားစွာထိခိုက်စေသည်။
    - မိတ်ဖက်အဖွဲ့အချို့က ရပ်ရွာလူထုအကြားတွင် မျှော်လင့်ချက်ကင်းမဲ့သည့် ခံစားချက်နှင့် စိတ်ဖိစီးမှုမြင့်တက်နေသည့် အခြေအနေတို့ကို လေ့လာတွေ့ရှိရကြောင်း အစီရင်ခံထားသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး

- ကလေးသူငယ်များအတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ ကလေးအဝတ်အစားများဖြစ်ကြောင်း မိတ်ဖက်အဖွဲ့များက အစီရင်ခံထားသည်။ ကလေးငယ်များသည် အဝတ်အစားမပါဘဲ လျှောက်သွားနေကြောင်းနှင့် များသောအားဖြင့် ထိန်းပေးမည့်သူ မပါကြောင်း အစီရင်ခံမှုများရှိခဲ့ရာ အပျက်အစီးပုံထဲတွင် သို့မဟုတ် ရေထဲတွင် ထိန်းပေးမည့်သူမပါဘဲ ကစားခြင်းကြောင့် ခန္ဓာကိုယ်ထိခိုက်မှုအန္တရာယ်ရှိခြင်း၊ ကလေးသူငယ်များအား လူကုန်ကူးခြင်း၊ အကြမ်းဖက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းအန္တရာယ်များ ကြုံတွေ့နိုင်ခြင်းတို့အပါအဝင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို ပိုများလာစေသည်။
- အပန်းဖြေ ကစားပေးသည့် ဆောင်ရွက်မှုများ တစ်ဆင့် အခြေခံ စိတ္တလူမှုဆိုင်ရာ အထောက်အပံ့များ ပေးနိုင်ပြီး ကလေးသူငယ်များအား ကြီးကြပ်စောင့်ရှောက်နိုင်စေရန် ကလေးသူငယ်အကျိုးပြုနေရာများ (CFS) ပိုမိုတည်ထောင်ပေးရန်နှင့် ကလေးထိန်းသိမ်း စောင့်ရှောက်ပေးသူများအတွက် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အထောက်အပံ့ (MHPSS) များ ပေးအပ်ရန် လိုအပ်နေပါသည်။
- ကလေးထိန်းသိမ်းစောင့်ရှောက်ပေးသူများသည် နေအိမ်ပြန်လည်တည်ဆောက်ခြင်းအတွက် စိတ်ဖိစီးမှုနှင့် စိတ္တလူမှုဆိုင်ရာ မကျေနပ်မှုများဖြင့် နစ်မွန်းနေသောကြောင့် ကလေးသူငယ်များအား လစ်လျူရှုသည့် ဖြစ်ရပ်များကို တွေ့ရှိရသည်။
- မသန်စွမ်း ကလေးသူငယ်များနှင့် မသန်စွမ်းသူက ထိန်းပေးသည့် ကလေးသူငယ်များသည် မုန်တိုင်းနောက်ပိုင်းတွင် ထပ်တိုးအကူအညီများကို လိုအပ်ကြောင်း မိတ်ဖက်အဖွဲ့များစွာတို့က အစီရင်ခံခဲ့သည်။ မသန်စွမ်းသူများကို ဦးတည်၍ အကူအညီပေးအပ်နေသည့် မိတ်ဖက်အဖွဲ့များမရှိခြင်းကြောင့် ကလေးသူငယ်များသည် ဝန်ဆောင်မှုများကို လက်လှမ်းမီ မရရှိနိုင်ဘဲ လိုအပ်ချက်များကို ထပ်တိုးစေသည်။ ကလေးသူငယ်အချို့သည် အထောက်အကူပြုကိရိယာများကိုလည်း လိုအပ်ပါမည်။

ကျားမအခြေပြုအကြမ်းဖက်မှု(GBV)

- အထူးသဖြင့် GBV ရှင်သန်ကျန်ရစ်သူများအပါအဝင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ကြိုတင်ကာကွယ်ရေး ဝန်ဆောင်မှုများနှင့် လွှဲပြောင်းပေးရေးလုပ်ငန်းများစဉ်များ မလုံလောက်ပါ။ ရခိုင်ပြည်နယ်တွင် IDP စခန်းများရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အကျိုးပြုနေရာအများစုမှာ လုံးဝပျက်စီး သို့မဟုတ် ထိခိုက်ခဲ့ပါသည်။
- မုန်တိုင်းဒဏ်ခံသင့်မြို့နယ်များမှ အထူးသဖြင့် IDPs များ အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးများအကြားတွင် အရေးပေါ်ကျန်းမာရေးသုံးပစ္စည်းများနှင့် ကျန်းမာရေး/တကိုယ်ရည်သုံးပစ္စည်းအတွက် လိုအပ်ချက်များ မြင့်တက်နေသည်။ ရခိုင်ပြည်နယ်တွင် အမျိုးသမီးနှင့် မိန်းကလေး ၁၄၁၅၆၀ ဦးခန့်သည် တစ်ကိုယ်ရေသုံးပစ္စည်းများ (dignity kits) လိုအပ်နေသည်။
- နေရပ်စွန့်ခွာနေရာများတွင် လူနေထူထပ်ကြပ်တည်းခြင်း၊ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုမရှိခြင်းနှင့် မီးအလင်းရောင် မလုံလောက်ခြင်းတို့ကြောင့် အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများအတွက် လိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုနှင့် ထိပါးနှောင့်ယှက်မှုအန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားနေသည်။ မီးအလင်းရောင်နည်းပြီး သီးခြားဖြစ်နေသော အိမ်သာနေရာများအပါအဝင် ရေနှင့် သန့်ရှင်းရေးအဆောက်အဦများမလုံလောက်ခြင်းကြောင့် ဤအန္တရာယ်ဖြစ်နိုင်ခြေများကို ပိုဆိုးစေသည်။ ရခိုင်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ပြီးချိန်မှစ၍ နေရောင်ခြည်သုံးမီးတိုင်အများစုသည် အလုပ်မလုပ်တော့ပါ။
- မုန်တိုင်းသည် ရခိုင်ပြည်နယ်ရှိ ရပ်ရွာလူထုအချင်းချင်း အကူအညီပေးသည့်စနစ်များကိုလည်း ပြတ်တောက်သွားစေခဲ့ပြီး၊ GBV ဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေများကို ပြင်းထန်များပြားလာစေသည်။ လျှပ်စစ်မီးပြတ်ခြင်း၊ ချို့ယွင်းနေသော မီးတိုင်များ၊ ယိုယွင်းပျက်စီးနေသောအိမ်သာများ၊ ပျက်စီးနေသော ရေပိုက်လိုင်းများ၊ လူထူထပ်ကြပ်တည်းသော နေထိုင်မှုအခြေအနေများက ဤအန္တရာယ်များကို ပိုမိုဆိုးစေသည်။

**တုံ့ပြန်ရေးလုပ်ငန်းများ**

ယေဘုယျကာကွယ်စောင့်ရှောက်ရေး

- မိုခါမုန်တိုင်းဒဏ်သင့် ဒေသများတွင် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများအန္တရာယ်ကို ပညာပေးခြင်း (EORE) လုပ်ငန်း အားဆက်လက်ဆောင်ရွက်နေသည်။ မိတ်ဖက်အဖွဲ့များသည် အသေးစိတ်ပြင်ဆင်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေး သတင်းစကားများကို ရပ်ရွာလူထုအား တိုက်ရိုက်ရှင်းပြခြင်း၊ ပိုစတာများနှင့် အခြား စာစောင်အသစ်များ ဖြန့်ဝေခြင်း၊ လူမှုမီဒီယာတွင် လှုပ်ရှားမှုပြုလုပ်ခြင်းနှင့် ရေဒီယိုအသံလွှင့်ရုံများမှတစ်ဆင့် ဒေသသုံးဘာသာစကားဖြင့် ဖြန့်ဝေပေးနေသည်။ အနောက်မြောက်ပိုင်းဒေသတွင် မုန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများ၌ ပါဝင်ကြသည့် အကူအညီပေးရေးလုပ်သားများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်းများကို စီစဉ်ထားပြီး၊ ပုံမှန်ဆက်လက်ပို့ချပေးသွားပါမည်။ ရခိုင်ပြည်နယ်အတွက်လည်း အလားတူအစီအစဉ်များကို ပြုလုပ်နေသည်။
- ခရီးသွားခွင့်ပြုမိန့်များနှင့် ဝင်ရောက်ကူညီခွင့်များ အတွက် အခက်အခဲများ ဆက်လက်ရှိနေသောကြောင့် ကာကွယ်စောင့်ရှောက်မှုပေးရေးကဏ္ဍစုသည် မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အရေးကြီးသော ကာကွယ်စောင့်ရှောက်ရေး အကူအညီများကို ဘေးကင်းလုံခြုံစွာ ပေးအပ်နိုင်မည့် နည်းလမ်းအားလုံးကို ဖော်ထုတ်ရှာဖွေရန်အတွက် မြေပြင်ရှိ CSOs အဖွဲ့များ၊ စခန်း/ခိုလှုံရာနေရာတွင် အခြေပြုသည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ချိတ်ဆက်ဆောင်ရွက်နေသည်။
- ကဏ္ဍစု၏ အဖွဲ့ဝင်များကလည်း မြေမြှုပ်မိုင်းအန္တရာယ်ပညာပေးခြင်း၊ မုန်တိုင်းအလွန် အန္တရာယ်များ၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် ညှဉ်းပန်းခြင်းမှ ကြိုတင်ကာကွယ်ရေး (PSEA)၊ စိတ္တလူမှုဆိုင်ရာအထောက်အပံ့ (PSS)တို့နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်တွင် ရပ်ရွာလူထုနှင့် ဆက်သွယ်ပြန်ကြားရေး (CwC) သတင်းစကားများကို မျှဝေပေးနေသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး *(အစီရင်ခံမှုမပြည့်စုံခြင်းကြောင့် ကိန်းဂဏန်းများ မတိကျနိုင်ကြောင်း သတိပြုပါ)*

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတာဝန်အဖွဲ့ (CP AoR) ၏ မိတ်ဖက်များသည် ရခိုင်နှင့် အနောက်မြောက်ဒေသနှစ်ခုလုံးတွင် လူမှုမီဒီယာများကို အသုံးပြု၍ “ဆိုးရွားသော အခြေအနေများတွင် ကလေးငယ်များကို စောင့်ရှောက်ခြင်း” ဆိုင်ရာအကူအညီများအပါအဝင် MHPSS နှင့် စိတ္တလူမှုဆိုင်ရာ ရှေးဦးပြုစုခြင်း (PSFA) လုပ်ငန်းများကို ထောက်ပံ့ပေးနေသည်။ ရခိုင်ပြည်နယ်

တွင် ၃၁၅၃ ဦးနှင့် အနောက်မြောက်ပိုင်းဒေသတွင် ၇၈၉၆ ဦးထံ ဖြန့်ကြက်ရောက်ရှိခဲ့ပြီး၊ အဆိုပါလူဦးရေတွင် ကလေးသူငယ်နှင့် ကလေးထိန်းပေးသူနှစ်မျိုးလုံး ပါဝင်သည်။

- ကလေးငယ်များတွင် ပုံမှန်အခြေအနေဖြစ်သည်ဟူသော ခံစားချက် ရှိနေစေရန်အတွက် ကလေးသူငယ်အကျိုးပြုနေရာများ (CFSs) များသည် အရေးကြီးပါသည်။ ပျက်စီးသွားသော CFSs များအား ပြန်လည်ပြုပြင်ခြင်းနှင့် ရွှေ့လျား/ယာယီ CFSs များ တည်ထောင်ခြင်းတို့ကို ဆောင်ရွက်ဆဲဖြစ်သည်။ ယနေ့အထိ ရခိုင်ပြည်နယ်တွင် CFSs ၇၃ ခုနှင့် အနောက်မြောက်ပိုင်းဒေသတွင် ၈၀ ခု တို့ကို ပြန်လည်ပြုပြင်ပြီးကြောင်း သို့မဟုတ် အသစ်တည်ထောင်ပြီးကြောင်း အစီရင်ခံထားသည်။ ဤ CFSs များသည် အထူးပြုကိုင်တွယ်ရန် ရောဂါကုသရေးနှင့် လွှဲပြောင်းရေး လိုအပ်နေသော ကလေးသူငယ်များအား သတ်မှတ်ဖော်ထုတ်ရာတွင်လည်း ကူညီပေးနိုင်သည်။ ယနေ့အထိ အနောက်မြောက်ဒေသမှ ကလေးသူငယ် ၅၉၈ ဦးနှင့် ရခိုင်ပြည်နယ်မှ ကလေးသူငယ် ၃၂၆ ဦးတို့ကို ရောဂါကုသမှု ပြုလုပ်ပေးနေကြောင်း အစီရင်ခံထားသည်။
- အနောက်မြောက်ပိုင်းဒေသတွင် CP ဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်းနှင့် မိသားစုပြန်လည်ပေါင်းစည်းရေးကို ကူညီနိုင်ရန်အတွက် များသောအားဖြင့် ရပ်ရွာတွင် အခြေစိုက်သည့် ပံ့ပိုးကူညီသူများ/စေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် ကလေးသူငယ်နှင့် ကလေးထိန်းပေးသူများအတွက် အကူအညီပေးရေးဌာန (help desk) ၇၆ ခုကို တည်ထောင်ထားပြီးဖြစ်သည်။
- ကလေးသူငယ်အကျိုးပြုလုပ်ငန်းများအတွက် အသိပညာတိုးပွားလာစေရန် ပေးပို့နေသော အဓိကသတင်းစကားများကိုလည်း လူအများအပြားထံ ဆက်လက်ဖြန့်ကြက်ရောက်ရှိနေသည်။ ယနေ့အထိ အနောက်မြောက်ပိုင်းဒေသတွင် ၁၃၆၉၉ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၁၈၆၉ ဦးထံ ဖြန့်ကြက်ရောက်ရှိကြောင်း အစီရင်ခံထားသည်။ လူကုန်ကူးမှုဆိုင်ရာအန္တရာယ်ကို တုံ့ပြန်ရေးအတွက်၊ အနောက်မြောက်ပိုင်းဒေသမှ မိတ်ဖက် ၂ ဖွဲ့သည် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများအပါအဝင် လူကုန်ကူးမှုတားဆီးရေး သင်တန်းကို အဖွဲ့အစည်းများထံမှ လက်ခံရရှိခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပစ္စည်း (CP kits) ၁၁၃ စုံနှင့် ရခိုင်ပြည်နယ်တွင် ၁၁၈ စုံတို့ကို ဖြန့်ဝေပေးခဲ့သည်။

ကျားမအခြေပြုအကြမ်းဖက်မှု (GBV)

- UNFPA နှင့် GBV ဆိုင်ရာမိတ်ဖက်အဖွဲ့များသည် အခြေအနေနှင့် လိုအပ်ချက်များကို ပိုမိုနားလည်စေရန်အတွက် ရခိုင်ပြည်နယ်တွင် ကွင်းဆင်းလေ့လာရေးခရီးစဉ်များကို ပြုလုပ်ခဲ့သည်။ ဤခရီးစဉ်များတွင် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ မြေပုံ၊ ပေါက်တော၊ ကျောက်တော်နှင့် ကျောက်ဖြူမြို့နယ်များသို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်များ ပါဝင်ကြသည်။
- ရွှေ့လျားအဖွဲ့နှစ်ဖွဲ့သည် ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ပေါက်တောနှင့် ရသေ့တောင်မြို့နယ်များရှိ ကျေးရွာ ၂၀ ရွာတွင် GBV နှင့် စိတ္တလူမှုဆိုင်ရာ အကူအညီ ဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့သည်။
- GBV နှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများ (SRHR) ကို ပေါင်းစည်းထားသည့် ရွှေ့လျားအဖွဲ့ ၃ ဖွဲ့က ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်တို့၌ GBV ဆိုင်ရာ ဝန်ဆောင်မှုများကို စတင်ပေးအပ်ခဲ့သည်။
- အမျိုးသမီးနှင့် မိန်းကလေးအကျိုးပြုဌာန ၂၄ ခုခန့်က ရခိုင်ပြည်နယ်တွင် ဘူးသီးတောင်၊ စစ်တွေ၊ ပေါက်တော၊ ကျောက်တော်၊ ပုဏ္ဏားကျွန်းနှင့် မြေပုံမြို့နယ်တို့၌ GBV ဆိုင်ရာ ဝန်ဆောင်မှုများကို စတင်ပေးအပ်နေပြီဖြစ်သည်။
- GBV ဝန်ဆောင်မှုအသစ်များစွာပါဝင်သည့် အရေးပေါ်ဖုန်းခေါ်ဆိုရေးဝန်ဆောင်မှုများကို ရခိုင်ပြည်နယ်တွင် လည်ပတ်ဆောင်ရွက်နေပြီဖြစ်သည်။
- တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်းများ (Dignity kits) ကို စစ်တွေမြို့နယ်တစိတ်တပိုင်း၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ရှိ အိမ်ထောင်စု ၇၅၀ စုသို့ ရွှေ့လျားအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် GBV စင်တာများမှတဆင့် ဖြန့်ဝေပေးခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ ချင်းပြည်နယ်၌ GVB ရှင်သန်ကျန်ရစ်သူများအတွက် စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အထောက်အပံ့ပေးခြင်းအပါအဝင် ရောဂါကုသရေးဝန်ဆောင်မှုများကို ဆက်လက်ပေးအပ်နေဆဲဖြစ်သည်။ ချင်းပြည်နယ်၊ မတူပီမြို့နယ်တွင် အမျိုးသမီးများနှင့် မိန်းကလေးများသို့ တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်း (Dignity kits) ၂၈၀ စုံကို ဖြန့်ဝေပေးရန် စီစဉ်နေသည်။

- စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် မသန်စွမ်းသူများ (PwD)အတွက် အမျိုးသမီးနှင့် မိန်းကလေးအကျိုးပြုဌာန တစ်ခုကို တည်ထောင်ခဲ့သည်။
- ကချင်ပြည်နယ်တွင် အခြေအနေအား စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာမှုကို ဆောင်ရွက်နေသည်။ ဘေးဒဏ်အခံရဆုံးသော အိမ်ထောင်စုများ၏ အခြေခံလိုအပ်ချက်များအား ဖြည့်ဆည်းပေးနေပြီး၊ ထိုအိမ်ထောင်စုများသည် တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်း (Dignity kits) များအပါအဝင် မရှိမဖြစ်ပစ္စည်းများဝယ်ယူရန် ငွေကြေးများကို လက်ခံရရှိခဲ့ကြသည်။
- ကချင်ပြည်နယ်တွင် GBV ပါဝင်ဆောင်ရွက်သူအချို့က ဝိုင်းမော်၊ တနိုင်း၊ မန်စီနှင့် ရွှေကူမြို့နယ်များရှိ IDP စခန်းများ ပြန်လည်တည်ဆောက်ရန်နှင့် ပြုပြင်ရန်အတွက် ရန်ပုံငွေအဆိုပြုလွှာများကို သတ်မှတ်ဖော်ထုတ်ခဲ့သည်။

စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အထောက်အပံ့ (MHPSS)

- မိတ်ဖက်အဖွဲ့များသည် အသက်အရွယ်နှင့် သင့်လျော်ပြီး ကျားမအရေး ထိရှလွယ်သော စိတ်ကျန်းမာရေးနှင့် စိတ္တလူမှုဆိုင်ရာ အထောက်အပံ့ (MHPSS) ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေသည်။ မသန်စွမ်းမှုရှိသည့် ကလေးသူငယ်များသည်လည်း အကူအညီကို လက်လှမ်းမီရရှိစေရေးအတွက် ဘေးကင်းသော နေရာများ (ရွေ့လျား SFSs များ) တွင် ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာ ပျော်ရွှင်ရေးကို မြှင့်တင်ပေးသည့် အုပ်စုလိုက်လုပ်ငန်းများကို ဆောင်ရွက်နေသည်။ ကလေးထိန်းပေးသူများက မိမိကိုယ်ကို ပိုမိုစောင့် ရှောက်နိုင်ရေးအတွက် ဆွေးနွေးပွဲများ သို့မဟုတ် အိမ်တိုင်ရာရောက်ဆွေးနွေးမှုများကိုလည်း ပံ့ပိုးကူညီပေးနေသည်။
- MHPSS လုပ်ငန်းတာဝန်အဖွဲ့ (AoR) သည် တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ကြသည့် ဝန်ထမ်းအားလုံးကို စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း (PFA) ဆိုင်ရာ ကျွမ်းကျင်မှုများဖြည့်ဆည်းပေးရေးနှင့် ယင်းဝန်ထမ်းများက လိုအပ်ချက်များကို ဘေးကင်းလုံခြုံစွာ သတ်မှတ်ဖော်ထုတ်ပြီး လွှဲပြောင်းမှုများအား ပြုလုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်နေပါသည်။
- ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့တစ်ဖွဲ့သည် PFA အတွက် လေ့ကျင့်သင်တန်းပေးထားသော ရပ်ရွာကျန်းမာရေးလုပ်သားများနှင့် စိတ္တလူမှုပိုင်းဆိုင်ရာ လုပ်သားများကို အသုံးပြု၍ စစ်တွေမြို့နယ်ရှိ IDP စခန်းများ၊ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ်တို့ရှိ မုန်တိုင်းဒဏ်ခံ ရပ်ရွာလူထုများသို့ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုခြင်း (PFA) အကူအညီများကို ထောက်ပံ့ပေးနေသည်။ ကျားမအခြေပြုအကြမ်းဖက်မှု၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ မိုင်းရှင်းလင်းရေးလုပ်ငန်း (MA)၊ စိတ်ကျန်းမာရေး အထူးပြုကုသမှုနှင့် အခြားသော အရေးပေါ်လိုအပ်ချက်များအပါအဝင် ဤနယ်ပယ်များတွင် လွှဲပြောင်းပေးမှုများကို ပိုမိုခိုင်မာအားကောင်းစေရန် သယ်ယူ ပို့ဆောင်ရေးအတွက် ငွေကြေးကိုလည်း ထောက်ပံ့ပေးနေသည်။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ယခင်ကပင် စိတ်ပိုင်းဆိုင်ရာ ပြဿနာများရှိခဲ့ပြီး မုန်တိုင်းဒဏ်ကို တိုက်ရိုက်ခံခဲ့ရသော ၅ နှစ်အောက် ကလေးငယ်များရှိနေသည့် မိခင်များသို့ မရှိမဖြစ်လိုအပ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးပစ္စည်း ၁၇၂ စုံကိုလည်းကောင်း၊ ဘူးသီးတောင်မြို့နယ်တွင် ဘေးဒဏ်ခံ အမျိုးသမီးများနှင့် မိန်းကလေးများသို့ တကိုယ်ရည်သုံးကျန်းမာရေးပစ္စည်း (dignity kits) ၄၀၀ စုံကိုလည်းကောင်း ဖြန့်ဝေပေးခဲ့သည်။ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ပစ္စည်း ၁၀၀ စုံကို ထပ်မံဖြန့်ဝေရန် ခွင့်ပြုချက်စောင့်ဆိုင်းနေဆဲဖြစ်ပြီး၊ နောက်ထပ် အစုံ ၁၈၀၀ ကို ဖြန့်ဝေ ပေးနိုင်ရန် ထပ်တိုးရန်ပုံငွေများကို တောင်းခံထားသည်။

**ကွာဟချက်များနှင့်အကန့်အသတ်များ**

- ရခိုင်ပြည်နယ်ရှိ IDP စခန်းများတွင် ရပ်ရွာခန်းမများနှင့် ဘေးကင်းခိုလှုံရာနေရာအများစုတို့ ပျက်စီးခဲ့ရသည့်အတွက် ဘေးဒဏ်သင့် ရပ်ရွာအသိုင်းအဝိုင်းများတွင် ယာယီဘေးကင်းခိုလှုံရာနေရာများနှင့် PSS တို့ရှိရန် လိုအပ်နေမှုကို ညွှန်ပြနေသည်။
- ရခိုင်ပြည်နယ်နှင့် အနောက်မြောက်ပိုင်းဒေသနှစ်ခုလုံးရှိ ဘေးဒဏ်သင့်ဧရိယာများသို့ သွားလာရေးမှာ ဆက်လက် ခက်ခဲလျက်ရှိသည်။ မိတ်ဖက်အဖွဲ့များသည် များပြားသောအကန့်အသတ်များကို ရင်ဆိုင်နေရပြီး၊ ရေကြီးရေလျှံမှုများကြောင့် လမ်းနှင့် တံတားပျက်စီးမှုများ ရှိခဲ့သည်။
- အထူးသဖြင့် အနောက်မြောက်ပိုင်းဒေသအပါအဝင် နေရာများစွာတွင် လျှပ်စစ်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများသည် အကန့်အသတ် ရှိနေဆဲဖြစ်ပြီး၊ မိတ်ဖက်အဖွဲ့များက မုန်တိုင်းကြောင့် ထိခိုက်မှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်ပမာဏကို အကဲဖြတ် ရန် သတင်းအချက်အလက်များ ရယူရာတွင် အဟန့်အတားဖြစ်နေသည်။
- အထူးသဖြင့် ကာကွယ်စောင့်ရှောက်ပေးရေးနယ်ပယ်တွင် ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ ပြဿနာများနှင့် စိုးရိမ်မှုများကို သတ်မှတ်ဖော်ထုတ်၍ ဖြေရှင်းပေးရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ပညာရှင်အရေအတွက် လုံလောက်စွာမရှိပါ။

- ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှုပေးရန်အတွက် ငွေကြေးနှင့် လူ့စွမ်းအားရင်းမြစ်နှစ်မျိုးလုံးကို အရေးတကြီး လိုအပ်နေသည်။ မိတ်ဖက်အဖွဲ့အစည်းအနည်းငယ်ကသာ တုံ့ပြန်ရေးဝန်ဆောင်မှုများကို ထောက်ပံ့ပေးနေပြီး၊ ဆက်သွယ်သွားလာရေး အခက်အခဲများရှိနေခြင်းကြောင့် တုံ့ပြန်ရေးလုပ်ငန်းများကို နှောင့်နှေးစေပါသည်။ ဘေးဒဏ်သင့်ပြည်သူများသို့ အရည်အသွေး ရှိသော တုံ့ပြန်ရေးလုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရန်အတွက် ရန်ပုံငွေ မလုံလောက်ပါ။
- ဒေသခံမိတ်ဖက်အဖွဲ့များအနေဖြင့် အရေးကြီးသောလိုအပ်ချက်များကို အချိန်မီ တုံ့ပြန်နိုင်ရေးအတွက် အရေးပေါ်ရန်ပုံငွေ မရှိပါ။
- ရပ်ရွာလူထုအား ချက်ချင်း ကူညီနိုင်ရန်အတွက် ပစ္စည်းများလုံလောက်စွာ မရရှိပါ။ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ပစ္စည်းများအား ရန်ကုန်မြို့မှ သယ်ယူရာတွင် အခက်အခဲများရှိနေခြင်းကြောင့် ကြီးမားသော လိုအပ်ချက်တစ်ခုအဖြစ် ဆက်လက်ရှိနေပါသည်။ ပစ္စည်းများစွာကို ပေးပို့လျက်ပြီး ဤရက်သတ္တပတ်အတွင်းတွင် ရရှိနိုင်ပါမည်။ ကလေးသူငယ်အကျိုးပြုနေရာများ (CFSs)အားလည်းပတ်ရန် ထောက်ပံ့ရေးပစ္စည်းများ အဆက်မပြတ် ဝယ်ယူရန် လိုအပ်နေပါသည်။

## အမိုးအကာ၊ စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ (NFIs)၊ စခန်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲရေး (CCCM)

### လိုအပ်ချက်များ

- ရခိုင်ပြည်နယ်တွင် လတ်တလောဆောင်ရွက်ခဲ့သည့် နောက်ဆုံးကွင်းဆင်းလေ့လာမှုများအရ၊ အနည်းဆုံး နေအိမ် ၄၃၄၆၈ လုံး ထိခိုက်ပျက်စီးခဲ့သည်။
- အနောက်မြောက်ပိုင်းဒေသတွင်၊ ချင်းပြည်နယ်၌ လူဦးရေ ၁၁၁၆၀ ဦးခန့် မုန်တိုင်းဒဏ်ခံခဲ့ရပြီး၊ လူနေအိမ်နှင့် အများပြည်သူပိုင် အဆောက်အဦ ၂၂၄ လုံးခန့် ပျက်စီးခဲ့သည်။ လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်အားဖြင့်၊ ချင်းပြည်နယ်တွင် လူဦးရေ ၉၂၀၀ ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူဦးရေ ၁၆၆၀၀၀ ခန့်နှင့် မကွေးတိုင်းဒေသကြီးတွင် လူဦးရေ ၃၇၅၀၀ နီးပါးတို့သည် ခိုလှုံရာနေရာနှင့် စားနပ်ရိက္ခာမဟုတ်သော ပစ္စည်း (NFI) အကူအညီများကို အရေးတကြီးလိုအပ်နေသည်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ကွင်းဆင်းလေ့လာမှုများအရ လူဦးရေ ၂၇၀၀ ကျော်သည် ခိုလှုံရာနေရာ အကူအညီများကို လိုအပ်နေသည်။
- ကချင်ပြည်နယ်တွင် မန်စီနှင့် ဝိုင်းမော်မြို့နယ်များသည် လေပြင်းများဒဏ်ကို အဓိက ခံခဲ့ရသည်။ ရလဒ်အဖြစ် ဝိုင်းမော်မြို့နယ်တွင် လူနေအိမ်များ၊ အိမ်သာများ၊ စားဖိုဆောင်များ၊ စာသင်ကျောင်းများအပါအဝင် အဆောက်အဦ ၃၈၀ လုံးခန့်နှင့် ဆေးခန်းတစ်ခုတို့ ထိခိုက်ခဲ့ပြီး လူဦးရေ ၇၂၀ ကျော်အပေါ် သက်ရောက်မှုရှိခဲ့သည်။ မံစီမြို့နယ်တွင် ကျေးရွာ ၈ ရွာ၌ အဆောက်အဦ ၁၃၀ လုံးခန့် ထိခိုက်ခဲ့ပြီး လူဦးရေ ၅၀၀ ဦးအပေါ် သက်ရောက်မှုရှိခဲ့သည်။ ဤဘေးဒဏ်ခံပြည်သူများသည် စားနပ်ရိက္ခာ၊ အိမ်ထောင်စုသုံး NFI ပစ္စည်းများ၊ တစ်ကိုယ်ရေသုံးကျန်းမာရေးပစ္စည်းများ (dignity kits) နှင့် ခိုလှုံရာအတွက် ပစ္စည်းများကို လိုအပ်နေသည်။

### တုံ့ပြန်ရေးလုပ်ငန်းများ

- ကဏ္ဍစု၏ မိတ်ဖက်အဖွဲ့များသည် ခိုလှုံရာအတွက် ပစ္စည်းများနှင့် NFI ပစ္စည်းများအပြင်၊ မုန်တိုင်းဒဏ်သင့် လူဦးရေ ၆၃၀၀၀ ကျော်အတွက် နေအိမ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မိတ်ဖက်များမှတစ်ဆင့် အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့သည် -
  - ရခိုင်ပြည်နယ်တွင် မိတ်ဖက်အဖွဲ့များသည် ကျောက်တော်၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် စစ်တွေမြို့နယ်များမှ ဘေးဒဏ်သင့်မိသားစု ၁၂၆၀၀ ကျော်သို့ ဖြန့်ကြက်ရောက်ရှိကူညီခဲ့ပြီး၊ စစ်တွေမြို့နယ်တွင် အိမ်ထောင်စု ၂၄၀၀ ခန့်က နေအိမ်ပြုပြင်ထိန်းသိမ်းရေးအကူအညီများကို ရရှိခဲ့သည်။
  - အနောက်မြောက်ပိုင်းဒေသတွင် ချင်းပြည်နယ်မှ ဘေးဒဏ်ခံအိမ်ထောင်စု ၄၅၀ စုအတွက် နေအိမ်ပြန်လည်တည်ဆောက်ရန် ငွေကြေးအကူအညီများကိုလည်းကောင်း၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဘေးဒဏ်သင့်အိမ်ထောင်စု ၁၉၅၀ စုအတွက် ဘက်စုံရည်ရွယ်ချက်သုံးငွေကြေးအကူအညီများကိုလည်းကောင်း ဇွန်လလယ်တွင် ထောက်ပံ့ပေးသွားပါမည်။ ထို့အပြင် အနောက်မြောက်ပိုင်းဒေသတွင် ကဏ္ဍစုမိတ်ဖက်အဖွဲ့များက ဘေးဒဏ်သင့်အိမ်ထောင်စု ၂၁၀၀ ကျော်အတွက်

လည်းကောင်း၊ လမ်းနှင့်တံတားများ ပြုပြင်ရေးအတွက်လည်းကောင်း ပစ္စည်းအကူအညီများကို ပေးအပ်သွားရန် စီစဉ်နေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ဤကဏ္ဍစု၏ မှန်တိုင်းတုံ့ပြန်ရေးလုပ်ငန်းများသည် လိုအပ်ချက်ပမာဏနှင့် နှိုင်းယှဉ်ပါက ရန်ပုံငွေ အလွန် နည်းပါးနေပြီး၊ ရန်ပုံငွေ ကွာဟချက် အမေရိကန်ဒေါ်လာ ၆၇.၂ သန်း ရှိနေသည်။
- အနောက်မြောက်ပိုင်းဒေသတွင် အကူအညီပေးရန် လျာထားပြီးသော အိမ်ထောင်စု ၃၈၄၂၂ စုသို့ အကူအညီများ မရောက်ရှိနိုင်သေးပါ။ အနောက်မြောက်ပိုင်းဒေသ၏ နေရာအများအပြားတွင် အကူအညီပစ္စည်းများအား သယ်ယူပို့ဆောင်ရေးကို တင်းကျပ်စွာ ထိန်းချုပ်ခံထားရဆဲဖြစ်ပြီး၊ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် ငွေကြေးအကူအညီများကို ထောက်ပံ့ပေးအပ် ရာတွင်လည်း အခက်အခဲများ ကြုံတွေ့နေရသည်။
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ခန့်မှန်းခြေအားဖြင့် ခိုလှုံရာနေအိမ် ၅၄၆ လုံး၊ စားဖိုဆောင် ၁၉ ခု နှင့် ရပ်ရွာခန်းမ ၈ ခုတို့အား ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် ပြန်လည်ပြင်ဆင်ခြင်း အကူအညီပေးရန် လိုအပ်နေဆဲဖြစ်သည်။

## ရေ၊ သန့်ရှင်းရေးနှင့် တကိုယ်ရည်ကျန်းမာရေး (WASH)

**လိုအပ်ချက်များ**

- အနောက်မြောက်ပိုင်းဒေသတွင် စဉ်ဆက်မပြတ် ကွင်းဆင်းလေ့လာမှုများအရ ချင်းပြည်နယ်၌ အိမ်ထောင်စု ၇၀၀ ကျော်၊ မကွေးတိုင်းဒေသကြီး၌ အိမ်ထောင်စု ၄၈၀၀ စုနှင့် စစ်ကိုင်းတိုင်းဒေသကြီး၌ အိမ်ထောင်စု ၂၈၀၀ စုတို့သည် မုန်တိုင်းဒဏ်ခံခဲ့ရပြီး၊ ခန့်မှန်းခြေအားဖြင့် မုန်တိုင်းဒဏ်သင့်သူအရေအတွက် စုစုပေါင်း ၄၁၅၀၀ ဦးဖြစ်လာသည်။ ကွင်းဆင်းလေ့လာမှုများကို ဆက်လက် ဆောင်ရွက်နေသည်နှင့်အမျှ လက်ရှိခန့်မှန်းထားသည့် မုန်တိုင်းဒဏ်သင့်အိမ်ထောင်စုအရေအတွက်မှာ ထပ်မံ တိုးလာဖွယ်ရှိသည်။ ဤဘေးဒဏ်သင့်အိမ်ထောင်စုများသည် WASH အကူအညီများကို အရေးတကြီးလိုအပ်နေပြီး၊ သောက်ရေ၊ အရေးပေါ်အိမ်သာများနှင့် တစ်ကိုယ်ရေကျန်မာရေးပစ္စည်းများကို အဓိက လိုအပ်နေသည်။
- စစ်ကိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်တွင် ဘေးဒဏ်အခံရဆုံးသော နေရာ ၂၄ နေရာအနက် ၈ နေရာသို့ ကွင်းဆင်းလေ့လာခဲ့သည်။ ရေအရင်းအမြစ်အားလုံးနီးပါးသည် ညစ်ညမ်းနေပြီး၊ အိမ်သာကျင်းများ ရေကြီးရေလျှံခဲ့သည့်အတွက် ရေအရင်းအမြစ်များနှင့် အရေးပေါ်အိမ်သာများကို အရေးတကြီးလိုအပ်နေပါသည်။

**တုံ့ပြန်လုပ်ငန်းများ**

- ရခိုင်ပြည်နယ်တွင် ဝင်ရောက်ကူညီခွင့်ရရှိထားသည့် ကဏ္ဍစုမိတ်ဖက်အဖွဲ့များက လက်ရှိ ဝင်ရောက်ခွင့်များကို အသုံးချလျက် မြို့နယ်အချို့ရှိ ရိုဟင်ဂျာ IDP စခန်းများနှင့် ရခိုင် နေရပ်စွန့်ခွာနေရာများနှစ်မျိုးလုံးတွင် မုန်တိုင်းဒဏ်သင့်အိမ်ထောင်စုများသို့ WASH နှင့် အခြားအရေးပေါ်ပစ္စည်းများကို အောက်ပါအတိုင်း ဖြန့်ဝေပေးခဲ့သည် -
  - ဒေသခံ CSO အဖွဲ့များသည် စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်များရှိ ဘေးဒဏ်သင့်ပြည်သူများသို့ ပေးအပ်မည့် အကူအညီပစ္စည်းများကို လက်ခံရရှိခဲ့သည်။ ဤပစ္စည်းများတွင် တစ်ကိုယ်ရေကျန်းမာရေးပစ္စည်း ၁၀၀၀ စုံ၊ ၂၀ လီတာဆန့် ရေပုံး ၁၀၀၀ ပုံး၊ ၁၀ လီတာဆန့်ရေပုံး ၂၀၀၀ ပုံး၊ ခေါက်ထားနိုင်သော ရေထည့်ကန်ငယ်များ၊ တာပေါ်လင်စ ၁၅၀ စ၊ ကြိုး ၁၅၀ ခွေ၊ ရေသန့်ကလိုရင်း (calclium hypochloride) ၅ ပုံး၊ ဆပ်ပြာ ၂၀၀၀ ပိုင်း၊ ရေသန့်ပိုးသတ်ဆေး ၁၀၀ သေတ္တာ၊ ရေကန် ၂ ကန်၊ အမှိုက်ပုံး ၅၀ ပုံးတို့ ပါဝင်သည်။
  - မုန်တိုင်းကြောင့် ရေညစ်ညမ်းမှုများကို တုံ့ပြန်ရေးအတွက် ရေသန့်စင်ရန် ကလိုရင်းဆေးခတ်ခြင်း နည်းပညာများနှင့် ရေသန့်ဆေးပြားများအား မှန်ကန်စွာ အသုံးပြုခြင်းတို့ကို အဓိကထားလျက် ဒေသခံ CSOs နှင့် NGOs အဖွဲ့များမှ ဝန်ထမ်းများကို သင်တန်းများ ပို့ချပေးခဲ့သည်။

- ○ သက်ဆိုင်ရာ တုံ့ပြန်ရေးလုပ်ငန်းများအား စီမံချက်ရေးဆွဲခြင်းကို တိုးတက်စေရေးအတွက် WASH ကဏ္ဍစုသည် ဘေးဒဏ်သင့်ဒေသများတွင် အဓိကအားဖြင့် ညစ်ညမ်းရေကန်များမှ ရေဖောက်ထုတ်ခြင်းလုပ်ငန်းများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နေသည်။

**ကွာဟချက်များနှင့် အကန့်အသတ်များ**

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ကုန်ပစ္စည်းအကန့်အသတ်ဖြင့်သာ ရရှိနိုင်ခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်လုပ်ငန်းများကို နှောင့်နှေးစေသည်။
- မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင် ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓါတ်အားပြတ်တောက်မှုတို့သည် သတင်းအချက်အလက်ရယူ ခြင်းနှင့် မျှဝေခြင်းတို့အတွက် အဓိကအခက်အခဲတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေသည်။ အနောက်မြောက်ပိုင်းဒေသတွင်လည်း၊ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ လုံခြုံမှုမရှိခြင်းနှင့် တပ်ဖွဲ့များရှိနေခြင်းတို့ကြောင့် ကွင်းဆင်းလေ့လာမှုများနှင့် တုံ့ပြန်လုပ်ငန်းများကိုပါ အကန့်အသတ်ဖြစ်စေသည်။

## အထွေထွေပေါင်းစပ်ညှိနှိုင်းရေး

ကဏ္ဍအားလုံးတွင်ရှိနေသာ လတ်တလောပြဿနာများနှင့် လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန်အတွက် လူသားချင်းစာနာမှုအသိုင်းအဝိုင်းအတွင်းရှိ ပါဝင်သူအသီးသီးနှင့် ချိတ်ဆက်လက်တွဲ၍ ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးများကို အဆင့်အမျိုးမျိုးတွင် ပြုလုပ်လျက်ရှိသည်။ ဤအစည်းအဝေးများသည် ဘေးဒဏ်သင့်ဒေသများမှ ကွင်းဆင်းလေ့လာချက်များကို ဆန်းစစ်သုံးသပ်ရာတွင်နှင့် တုံ့ပြန်ရေးစီမံချက်များအား ရေးဆွဲရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။

လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများသည် မုန်တိုင်းဒဏ်သင့်ရသည့် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အချက် (၃) ချက်လိုအပ်ပါသည်။ ပထမအချက်မှာ မုန်တိုင်းဇုန်အတွင်းရှိ သိုလှောင်ထားသောပစ္စည်းများအား ပြန်လည်ဖြည့်တင်းပေးနိုင်ရန်အတွက် ထောက်ပံ့ရေးပစ္စည်းများကို ပိုမိုလိုအပ်ပါသည်။ ဤနေရာတွင် ထောက်ပံ့ရေးပစ္စည်းများအား ပြည်တွင်းတွင် ရွှေ့ပြောင်းခြင်းနှင့် မြန်မာနိုင်ငံ ပြင်ပမှ ထောက်ပံ့ရေးပစ္စည်းများအား တင်သွင်းခြင်းတို့ ပါဝင်သည်။ ထောက်ပံ့ရေးပစ္စည်းများကို နိုင်ငံတွင်းသို့ ပို့ဆောင်နိုင်ရေးအတွက် အဆိုပြုချက် များစွာတို့ကို ပြုလုပ်ထားပြီး၊ ခွင့်ပြုချက်ရရှိရန် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ ဒုတိယအချက်မှာ လူသားချင်းစာနာမှုဆိုင်ရာ ပါဝင်ဆောင်ရွက်သူများအတွက် ဘေးဒဏ်ခံရပ်ရွာလူထုထံသို့ ဝင်ရောက်ကူညီခွင့်များကို တိုးချဲ့ရရှိရန် လိုအပ်ပါသည်။ နေပြည်တော်တွင် ဆွေးနွေးမှုများပေါ် အခြေခံ၍ နှစ်ပတ်ကြာဖြန့်ဖြူးရေးအစီအစဉ်အသေးစိတ်ကို မျှဝေထားပြီး၊ အတည်ပြုချက်ရရှိရန် စောင့်ဆိုင်းနေပါသည်။ မုတ်သုံရာသီ မရောက်မီ ဤဖြန့်ဖြူးမှုများကို ဆောင်ရွက်ရန်အတွက် အချိန်သည် အဓိကအရေးကြီးဆုံး ဖြစ်လာသည်။ နောက်ဆုံးအချက်မှာ အကူအညီပေးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ပစ္စည်းများအား အလျင်အမြန်ဝယ်ယူရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပစ္စည်းဖြန့်ဖြူးရေးတို့ ဆောင်ရွက်နိုင်ရန်အတွက် ထပ်တိုး ရန်ပုံငွေများကို လိုအပ်လျက်ရှိပါသည်။

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဆက်သွယ်ပါ -

**Danielle Parry**, Officer in Charge, parryd@un.org, +95 9797002713 (Phone/Signal)

**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org, +95 9797007815, +972 054433 4202 (Signal/WhatsApp)

**Lesly Lotha,** Communication Specialist, lesly.lotha@un.org, +959 796139223 (Phone/Signal)

သတင်းအချက်အလက် ထပ်မံရယူလိုပါက အောက်ပါတို့သို့ ဝင်ရောက်ကြည့်ရှုပါ -

*www.unocha.org* | https://reliefweb.int/country/mmr | https://www.facebook.com/OCHAMyanmar